MTSH Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်

**သာမန်ရှယ်ယာတစ်စုအား ဆယ်စုအဖြစ်သို့ ရှယ်ယာခွဲခြမ်းခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက်မှ ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ ကုမ္ပဏီ၏ လက်ရှိ သာမန်အစုရှယ်ယာတစ်စုအား ဆယ်စုအဖြစ်သို့ ရှယ်ယာခွဲခြမ်းခြင်းပြုလုပ်မည်ကို အဆိုပြုရန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ထိုရှယ်ယာ ခွဲခြမ်းခြင်း ခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်နေ့ရက်အား သတ်မှတ်ပြီးပါကရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင် များထံသို့ ထပ်မံအသိပေး ကြေညာပါမည်။

ရှယ်ယာခွဲခြမ်းခြင်း ပြီးဆုံးပြီး စတင်အကျိုး သက်ရောက်သည့်နေ့မှစ၍ ကုမ္ပဏီ၏ ထုတ်ဝေပြီးသော အစုရှယ်ယာစုစုပေါင်းမှာ (၃,၈၉၂,၉၁၅) စုမှ (၃၈,၉၂၉,၁၅၀) စုသို့ပြောင်းလဲသွားမည်ဖြစ်ပါသည်။ ရှယ်ယာတစ်စုချင်းစီ၏ မူရင်းသတ်မှတ်တန်ဖိုးမှာလည်း ကျပ် ၁၀,၀၀၀ (ကျပ်တစ်သောင်း) မှ ကျပ် ၁,၀၀၀ (ကျပ်တစ်ထောင်) သို့ပြောင်းလဲသွားပါမည်။

စတင်အကျိုး သက်ရောက်သော နေ့မတိုင်မီ ရှယ်ယာတစ်စုပိုင်သောရှယ်ယာရှင်သည် စတင်အကျိုးသက်ရောက်သောနေ့မှစ၍ ရှယ်ယာ တစ်ဆယ်စု ပိုင်ဆိုင်သွားမည် ဖြစ်ပါသည်။ ထိုသို့ခွဲခြမ်းပြီးသောရှယ်ယာများသည် တစ်ခုနှင့်တစ်ခုကွာခြားခြင်းမရှိပဲ တူညီပါသည်။ အဆိုပြုထားသော ရှယ်ယာခွဲခြမ်းခြင်းအတွက် ရှယ်ယာရှင်များမှ ငွေကြေးတစ်စုံတစ်ရာ ထပ်မံပေးသွင်းရန်မလိုအပ်ပါ။

ဒါရိုက်တာအဖွဲ့မှ ထိုဆုံးဖြတ်ချက်အား ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များအပါအဝင် အခြားသောရင်းနှီးမြှုပ်နှံသူများပါ အကျိုးရှိမည်ဟု ယုံကြည်သောကြောင့် အဆိုပြုခြင်းဖြစ်ပါသည်။ အစုရှယ်ယာခွဲခြမ်းလိုက်ပါက ရင်းနှီးငွေနည်းပါးသည့် ပြည်သူများ မိမိရင်းနှီးနိုင်သည့် ငွေပမာဏအလျောက် လွယ်လင့်တကူ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်ရန်နှင့် ကမ္ဘာစုံမှရင်းနှီးမြှုပ်နှံသူများ ပိုမိုပါဝင်လာခြင်းဖြင့် ရှယ်ယာ ရောင်းဝယ်မှု ပမာဏမြင့်တက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

အဆိုပြုထားသော ရှယ်ယာခွဲခြမ်းခြင်းအတွက် အထူးဆုံးဖြတ်ချက်ချမှတ်၍ သင်းဖွဲ့စည်းမျဉ်းအား ပြင်ဆင်၊ ဖြည့်စွက်ရန် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် သာမန်ထက်ထူးကဲသောအထွေထွေ အစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက် အားရယူမည်ဖြစ်ပါသည်။



ဦးအေးဝင်း
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်ဒါရိုက်တာ